အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ကြားကာလသယံဇာတစီမံအုပ်ချုပ်ရေး မူဘောင်
# (သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများကဏ္ဍ)

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ

# ကြားကာလသယံဇာတစီမံအုပ်ချုပ်ရေး မူဘောင်
# (သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများကဏ္ဍ)

## မာတိကာ


အခန်း (၁) ........ ၂

နိဒါန်း ........ ၂

အခန်း (၂) ရည်ရွယ်ချက်၊ အခြေခံမူများနှင့် လွှမ်းခြုံမှုအတိုင်းအတာ ........ ၂

(က) ရည်ရွယ်ချက်များ ........ ၂

(ခ) အခြေခံမူများ ........ ၃

(ဂ) လွှမ်းခြုံမှု အတိုင်းအတာ ........ ၃

အခန်း (၃) ........ ၄

စီမံအုပ်ချုပ်ခြင်း ........ ၄

(က) ပိတ်ပင်တားမြစ်သည့်လုပ်ငန်းများ ........ ၄

(ခ) စိစစ်ခွင့်ပြုမည့် လုပ်ငန်းများ ........ ၄

အခန်း (၄) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) ထိန်းချုပ်နယ်မြေများအတွင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း ........ ၅

အခန်း (၅) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ်သက်ရောက်မှုများကို ဆန်းစစ်လေ့လာခြင်းနှင့် ကုစားနိုင်ရန် အစီအမံများ ရေးဆွဲခြင်း ........ ၅

အခန်း (၆) စောင့်ကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ........ ၆

အခန်း (၇) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သုတေသနကဏ္ဍနှင့် အထွေထွေ ........ ၆

# ကြားကာလသယံဇာတစီမံအုပ်ချုပ်ရေး မူဘောင်

# (သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများကဏ္ဍ)

## အခန်း (၁)

## နိဒါန်း

၁။ မျက်မှောက်ကာလ၌ အကြမ်းဖက်စစ်ကောင်စီက သဘာဝသယံဇာတများအား အထိန်းအကွပ်မဲ့ ထုတ်လုပ်မည့်အန္တရာယ် ဖြစ်ပေါ်လျှက်ရှိသည့်အပြင်၊ နေရာဒေသများစွာတွင် ဖြစ်ပေါ်လျှက်ရှိသည့် ဥပဒေစိုးမိုးမှုကင်းမဲ့နေခြင်းများအား အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာ စီးပွားရေးသမားများကလည်း သဘာဝသယံဇာတများကို ဥပဒေမဲ့ထုတ်လုပ်သည့် အန္တရာယ်များလည်း ဖြစ်ပေါ်လျှက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၄)၊ ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များတွင် ဖော်ပြထားသည့် ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၃ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၅ ပုဒ်မခွဲ (က) တို့အရ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ သယံဇာတများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်တားဆီးနိုင်ရေး၊ သယံဇာတများ ရေရှည်တည်တံ့စေရေး တို့အတွက် ခေတ်ကာလနှင့်လျော်ညီသည့် စီမံအုပ်ချုပ်ခြင်းများ ပြုနိုင်ရန် ဤမူဘောင်ကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်၊ အခြေခံမူများနှင့် လွှမ်းခြုံမှုအတိုင်းအတာ

### (က) ရည်ရွယ်ချက်များ

၃။ ဤမူဘောင်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ မြေနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံမူများ ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေရန်၊

(ခ) သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ တရားမဝင် ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများကို တားဆီးကာကွယ်ရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဆန်းစစ်အကဲဖြတ်ရန်နှင့် ထိခိုက်မှုများကို ကုစားနိုင်မည့် အစီအမံများ ဖော်ထုတ်နိုင်ရန်၊

(ဃ) သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများအား စနစ်တကျစီမံအုပ်ချုပ်ခြင်းဖြင့် သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်၊

(င) သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားများ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရန်၊

(စ) လက်ရှိကြားကာလအခြေအနေများနှင့်လျော်ညီသည့် သစ်တောသယံဇာတ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များကို လိုအပ်သလိုထုတ်ပြန်နိုင်ရန်

## (ခ) အခြေခံမူများ

၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကြားကာလအတွင်း သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံအုပ်ချုပ်ရာတွင် အခြေခံမည့်မူများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည် -

(က) ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) လူ့အခွင့်အရေးစံနှုန်းများ၊ ဂျန်ဒါစံနှုန်းများ၊ ဌာနေတိုင်းရင်းသားများ အပါအဝင် လူနည်းစုအခွင့်အရေးများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) တိုင်းရင်းသားများနှင့် ဒေသခံများ လက်ခံထားသော ဘုံတန်ဖိုးထားမှုနှင့် ဘုံအကျိုးစီးပွားများကို အထူးအလေးထား ဆောင်ရွက်ခြင်း၊

(ဃ) သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များကို ပြည်သူလူထုကို ဗဟိုပြု၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုများ၊ အသိပညာဗဟုသုတများ၊ အခြေခံလူ့အခွင့်အရေးများနှင့် ဆန့်ကျင်ခြင်းမရှိသည့် ဓလေ့ထုံးတမ်းများကို လေးစားအသိအမှတ်ပြု ဆောင်ရွက်ခြင်း၊

(စ) သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်စပ်လျဉ်းသည့် အကျိုးကျေးဇူးများကို ရေရှည်တည်တံ့မှုနှင့် သာတူညီမျှမှုတို့အပေါ် အခြေခံခွဲဝေသည့် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် သဟဇာတဖြစ်စွာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း။

## (ဂ) လွှမ်းခြုံမှု အတိုင်းအတာ

၅။ ဤမူဘောင်အား ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကာလအားဖြင့် "ကြားကာလအတွင်း"၊ နယ်မြေအားဖြင့် “ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏ စီမံအုပ်ချုပ်မှုအောက်သို့ ရောက်ရှိသည့် နေရာဒေသများအတွင်း" အမျိုးသားညီညွတ်ရေးအစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။

## အခန်း (၃)

## စီမံအုပ်ချုပ်ခြင်း

### (က) ပိတ်ပင်တားမြစ်သည့်လုပ်ငန်းများ

၆။ ကြားကာလအတွင်း အောက်ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား တားမြစ်ပိတ်ပင်သည်။

(က) မြန်မာ့သစ်လုပ်ငန်း၏ သစ်ထုတ်လုပ်မှု အပါအဝင် စီးပွားဖြစ် သစ်ထုတ်လုပ်ခြင်း၊

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအပါအဝင် သစ်တောနယ်မြေ ငှားရမ်းခွင့်ပြုခြင်းနှင့် အသုံးချခွင့်ပြုခြင်း၊

(ဂ) အထူးအရေးကြီး ရေဝေရေလဲ ထိန်းသိမ်းရေးဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အသစ်စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ)ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို ဤဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ သယ်ယူခြင်း၊ တင်ပို့ခြင်း၊ ရောင်းချခြင်း၊

(င) တိုင်းရင်းသားများနှင့် ဒေသခံများ၏ သဘောဆန္ဒမပါရှိသော သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း၊ တည်ထောင်ပြီးသော သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အမျိုးသားညီညွတ်ရေးအစိုးရ မတိုင်မီ ထုတ်ပြန်ခွင့်ပြုခဲ့သည့် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်များ၊ လုပ်ငန်းလိုင်စင်များ၊ မှတ်ပုံတင်နှင့် အခြားခွင့်ပြုမိန့်များအား သက်တမ်းတိုးခြင်း၊ အသစ်ထုတ်ပြန်ခြင်း။

### (ခ) စိစစ်ခွင့်ပြုမည့် လုပ်ငန်းများ

၇။ ကြားကာလအတွင်း အောက်ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား စိစစ်ခွင့်ပြုမည်။

(က)အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်ရှိ ဒေသများတွင် တိုင်းရင်းသားများ၊ ဒေသခံများက ဓလေ့ထုံးတမ်းအရဖြစ်စေ၊ မိရိုးဖလာအရဖြစ်စေ၊ သဘာဝသစ်တောများနှင့် ဒီရေတောများအား ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်း၊

(ခ) အမျိုးသားညီညွတ်ရေးအစိုးရ မတိုင်မီ ထုတ်ယူပြီးသစ်များကို ပြည်သူ့အကျိုးပြုလုပ်ငန်းများ (သို့မဟုတ်) ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဆောင်ရွက်မှုများအတွက် ဤဝန်ကြီးဌာန၏ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊

(ဂ) စီးပွားဖြစ်မဟုတ်သော အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံး စသည်တို့ အတွက် လိုအပ်သော သစ်၊ တိုင်၊ မျော၊ ဝါးများ အခြားသစ်တောထွက်ပစ္စည်းများအား တစ်နိုင်တစ်ပိုင် ထုတ်ယူသုံးစွဲခြင်း၊

(ဃ)သစ်အခြေခံအသုံးပြုသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများ က တရားဝင် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုထုတ်လုပ်ထားသည့် သစ်အခြေခံပစ္စည်းများ ပြည်တွင်း၌ သယ်ယူခြင်း၊ ရောင်းချခြင်း၊

(င) အမှတ်တရ ပစ္စည်းအဖြစ် (သို့မဟုတ်) ရိုးရာဓလေ့ထုံးစံအရ တောရိုင်းတိရစ္ဆာန်၏ အစိတ် အပိုင်းများကို လက်ဝယ်ထားရှိခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊

(စ) တောင်ယာလုပ်ငန်းကဲ့သို့သော တိုင်းရင်းသားများနှင့် ဒေသခံများဆောင်ရွက်သည့် အမြဲတမ်း မဟုတ်သော ရာသီပေါ် သီးနှံများ စိုက်ပျိုးခြင်း။

## အခန်း (၄)
## တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) ထိန်းချုပ်နယ်မြေများအတွင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း

၈။ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ ထိန်းချုပ်လျက်ရှိသည့် ဒေသများတွင် ၎င်းအဖွဲ့ အစည်းများက ချမှတ်ထားသည့် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

၉။ သယံဇာတ ထုတ်လုပ်ဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်သည့် ထိခိုက်မှုများအား ကုစားခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ထိခိုက်မှုများ လျော့နည်းသက်သာအောင် ဆောင်ရွက်ခြင်းများကို အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သက်ဆိုင် ရာ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်။

## အခန်း (၅)
## သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ်သက်ရောက်မှုများကို ဆန်းစစ်လေ့လာခြင်းနှင့် ကုစားနိုင်ရန် အစီအမံများ ရေးဆွဲခြင်း

၁၀။ သဘာဝသယံဇာတများအား အထိန်းအကွပ်မဲ့ ထုတ်လုပ်ခြင်း၊ စီးပွားရေးနှင့် စက်မှုကုန်ကြမ်း စိုက်ခင်းများတိုးချဲ့ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ တည်ဆောက်ရေးနှင့် ထုတ်လုပ်ရေးစီမံကိန်းကြီး များ ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် (သို့မဟုတ်) ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်း ကျင်နှင့် လူမှုဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် သစ်တောနယ်မြေ စီမံအုပ်ချုပ်ခြင်း ဆိုင်ရာပဋိပက္ခများကို ဆန်းစစ်လေ့လာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် ကုစားခြင်းများ ဆောင်ရွက် နိုင်ရန် ကြားကာလအတွင်း ပြည်သူ့ဖက်ဒရယ်ပြုသယံဇာတ စီမံအုပ်ချုပ်ရေး အစီအမံများအား သက်ဆိုင်

ရာဒေသခံများ၊ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်။

## အခန်း (၆)
## စောင့်ကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၁။ တရားမဝင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထုတ်ယူသုံးစွဲခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းနှင့် သစ်တောမြေ အသုံးချခြင်းတို့နှင့် စပ်လျဉ်း၍

(က) ဒေသခံပြည်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် စောင့်ကြပ်ကွပ်ကဲအရေးယူဆောင်ရွက်သည့် စနစ်တစ်ရပ် ဖော်ဆောင်မည်။

(ခ) သတင်းပေးပို့ တိုင်ကြားနိုင်မည့် နည်းလမ်းနှင့် ညွှန်ကြားချက်များကို ချမှတ်မည်။

(ဂ) ပါဝင်ပတ်သက်နေသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များစာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်းနှင့် ၎င်းတို့အပေါ် နိုင်ငံတကာမှဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် အရေးယူမှုပြုခြင်းတို့ကို ဆောင်ရွက်မည်။

(ဃ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ဤဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အရေးပေါ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မည်။

၁၂။ အမျိုးသားညီညွတ်ရေးအစိုးရ၏ တိုက်ရိုက် စီမံအုပ်ချုပ်မှုအောက်ရှိ အဖွဲ့များက ဖမ်းဆီးရမိထားသော သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများအား စီမံခန့်ခွဲခြင်းအတွက် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန် ကြေညာသွားမည်။

၁၃။ စောင့်ကြပ်ကွပ်ကဲခြင်းနှင့် အရေးယူခြင်းများအပါအဝင် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြည်သူဗဟိုပြု သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့များ ဖွဲ့စည်းမည်။

## အခန်း (၇)
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သုတေသနကဏ္ဍနှင့် အထွေထွေ

၁၄။ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောက်ပါတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ဖက်ဒရယ်သယံဇာတစီမံအုပ်ချုပ်မှုအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဂ) ပြည်သူ့ဆက်ဆံရေးနှင့် လူမှုကွန်ယက်မီဒီယာမှတဆင့် အများပြည်သူကို အသိပညာပေးခြင်း၊

(ဃ) မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားသည့် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊ သဘောတူညီချက်များအား ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး အစီအမံများ ချမှတ်ခြင်း၊

(င) ကြာရှည်အတွက် သစ်တော၊ ပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲ၊ ရာသီဥတုနှင့် ဇလဗေဒ၊ ရေဝေရေလဲဒေသများ၊ စိုက်ပျိုးရေး၊ မြေမျက်နှာသွင်ပြင်အနေအထားများနှင့် သစ်တောပတ်ဝန်းကျင်နှင့် ဆက်စပ်နေသည့် လူမှုစီးပွားအခြေအနေဆိုင်ရာ အချက်အလက်များအား စုစည်းထိန်းသိမ်းထားနိုင်မည့် ဒေတာမော်ကွန်းတိုက်တခုအား တည်ထောင်ခြင်း။